# မုတ္တမပင်လယ်ကွေ့စာစောင်

မုတ္တမပင်လယ်ကွေ့စီမံချက်
GULF OF MOTTAMA PROJECT

မုတ္တမအရင်းအမြစ်ရေရှည်တည်တံ့ဖို့ စုပေါင်းစီမံခန့်ခွဲစို့
Co-Management is the Way to Sustain the Gulf of Mottama Natural Resrouces

*အတွဲ(၁) အမှတ်စဉ်(၁၃) ၁၀၊ ဒီဇင်ဘာလ၊ ၂၀၂၁*


## မာတိကာ


ငါးရိုင်းမွေးမြူရေးနှင့် ဆက်နွယ်နေသော အခက်အခဲစိန်ခေါ်မှုများ....၁

ဘုရားလေးပိုင်ရွာ၏ ဖွံ့ဖြိုးရေး အသီးအပွင့်များ........................ ၅

စုပေါင်းစီမံခန့်ခွဲမှုဖြင့် ငါးသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ခြင်း...................................... ၇



***Editor***

*Min Nyan Seik, Knowledge Management and Communication Officer*

***Layout Design***

*Aar Kar Kyaw Tun, Knowledge Management and Communication Assistant*

***Contributors***

*GoM Project Technical Officers, Partners and Academia*

***No. of Copies***

*1000 Copies*



***Contact Address***

*PCIU Office: No. 29, Myo Shaung Rd, Taung Shan Su Ward, Mawlamyine, Mon State*

*Email: clcmgomp@helvetas.org*
*Fb: www.facebook.com/GoMP/*
*https://gulfofmottama.org/en*


# ငါးရိုင်းမွေးမြူရေးနှင့် ဆက်နွယ်နေသော အခက်အခဲစိန်ခေါ်မှုများ



မုတ္တမပင်လယ်ကွေ့ဒေသမှ သဘာဝအလျောက် တပိုင်တနိုင်ငါးရိုင်းမွေးမြူရေးဖြစ်ထွန်းမှု ကွင်းဆင်းလေ့လာရေး
Photo © Kyaw Thu Aung/ GoMP

## နောက်ခံအကြောင်းအရင်း

မုတ္တမပင်လယ်ကွေ့စီမံချက်တွင် မွန်ပြည်နယ်၌ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်နှင့် ချောင်းဆုံ (၅)မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးတွင် ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ် စသည့်မြို့နယ်ပေါင်း (၈) မြို့နယ်ရှိပါသည်။ ထိုမြို့နယ်ပေါင်း (၈) မြို့နယ်ရှိ ကျေးရွာပေါင်း(၆၀)တွင် မုတ္တမပင်လယ်ကွေ့စီမံချက်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျှက် ရှိပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများထဲတွင် ငါးရိုင်းမွေးမြူရေးလုပ်ငန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ မုတ္တမပင်လယ်ကွေ့စီမံချက်မှ မြို့နယ်(၈)မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၃၆) ရွာမှ ငါးရိုင်းမွေးမြူသူ (၁၄၇) ဦးအား အခြေခံငါးမွေးမြူရေးသင်တန်း ပေးအပ်ခဲ့ပြီး ၎င်းတို့သည် တပိုင်အနိုင် ငါးရိုင်းမွေးမြူရေးလုပ်ငန်းများ အစပျိုးလုပ်ကိုင်နိုင်ရန်အတွက် စီမံချက်မှ ချေးငွေများလည်း ထုတ်ချေးခဲ့ပါသည်။

## ငါးရိုင်းမွေးမြူရေး၏ သဘောသဘာဝ

ငါးရိုင်းမွေးမြူရေး ပေါ်ပေါက်လာခြင်းမှာ လယ်သမားများသည် ငါးကန်တူးဖော်ခြင်းမဟုတ်ပဲ  စပါးစိုက်ပျိုးသည့် လယ်မြေအတွင်း လယ်လုပ်ကိုင်သူများ အသုံးပြုရန်နှင့် ကျွဲနွားများ သောက်သုံးရန် ရေကန်ငယ်လေးများ



Photo © Kyae Thu Aung/ GoMP

တူးဖော်ရာမှ မိုးရာသီ စပါးစိုက်ပျိုးသည့်အချိန်တွင် ထို ရေကန်အတွင်းသို့ လယ်ပတ်ဝန်းကျင်မှ ဒေသတိုင်းရင်း ငါးများ ဝင်ရောက်လာပါသည်။ ဝင်ရောက်လာသော သဘာဝငါးများကို အစာအနည်းငယ်ကျွေးခြင်းနှင့် ငါးများပြန်မထွက်စေရန် ဆောင်ရွက်ကြရပါသည်။ စပါးရိတ်သိမ်းပြီးသည့်နောက်ပိုင်း ထိုကန်အတွင်း ရေများ လျော့နည်းသွားချိန်တွင် ရေများကို ပက်ထုတ်ပြီး ငါးများကို ဖမ်းဆီးကြရသည်။

## ငါးရိုင်းကန်မှ ရရှိသောအကျိုးကျေးဇူးများ

လယ်သမားများသည် စပါးစိုက်ပျိုးချိန် မိုးတွင်းအခါတွင် မိမိတို့မိသားစုအတွက် ဟင်းစားအဖြစ် ဖမ်းယူနိုင်ပါသည်။ စပါးရိတ်သိမ်းပြီးသည့်နောက် ရေလျော့နည်းသွားသော ငါးရိုင်းကန်အတွင်းရှိ ရေများကို ပက်ထုတ်ပြီး ငါးများကို ဖမ်းဆီးရောင်းချရသဖြင့် တောင်သူများအတွက် အပိုဝင်ငွေများရရှိကြပါသည်။ ရရှိလာသော ငါးမျိုးစိတ်များအနေဖြင့် ငါးရံ့၊ ငါးခူ၊ ငါးပြေမ၊ တီလားဗီးယား၊ ငါးခုံးမ၊ ငါးဖျင်းစလက်နှင့် အခြားသော ရေချိုငါး/ ပုစွန်များကို ရရှိကြပါသည်။



Photo © Kyae Thu Aung/ GoMP

ငါးရိုင်းမွေးမြူမည့် လယ်သမားများသည် မိမိငါးရိုင်းကန်ဖော်ပြီးနောက် အချို့သော ငါးရံ့၊ ငါးခူ၊ ငါပြေမ စသည့်ဒေသငါးမျိုးများကို ငါးရိုင်းကန်အလယ်တွင် ကန်ငယ်ကလေးပြုလုပ်ကာ ပြုစုထိမ်းသိမ်းထားကြပါသည်။ ပြုစုစဉ်ကာလတွင် ရေလိုအပ်ပါက ထည့်သွင်းပေးရသဖြင့် စရိတ်များကုန်ကျမှုရှိပါသည်။ အချို့သော တောင်သူများမှာ ငါးရိုင်းမျိုးများကိုဝယ်ယူခြင်း၊ သဘာဝရေပြင်မှ သားပေါက်များကို ဝယ်ယူခြင်းဖြင့် မိုးရာသီအခါအတွင် ထည့်သွင်းမွေးမြူလေ့ရှိပါသည်။ ယခုအခါတွင် ငါးရိုင်းများကန်အတွင်းသို့ ဝင်ရောက်ပြီးသည့်အချိန်တွင် ပြန်လည်ထွက်သွားခြင်းမရှိအောင် အစာကျွေးခြင်း၊ နိုင်လွန်ဇကာများဖြင့် ကာရန်ခြင်းများ ပြုလုပ်ကာ ဂရုတစိုက် မွေးမြူလာကြပါသည်။ သဘာဝမှ သားပေါက်များ ထည့်သွင်းထားသူတို့သည် ပုံမှန်အစာကျွေးခြင်းများ ပြုလုပ်လာကြပါသည်။

## ငါးရိုင်းမွေးမြူရေးတွင် ရင်ဆိုင်နေရသည့် ပြဿနာများ

### ၁) ရာသီဥတု

မုတ္တမပင်လယ်ကွေ့ဒေသတွင် လယ်ယာမြေများသည် အများအားဖြင့် နုံးတင်မြေနုဖြစ်ပြီး၊ သဲပါဝင်မှုများပါသည်။ လယ်မြေများကို ဖော်ထုတ်ရာတွင် ပင်လယ်ရေ

ဝင်ရောက်ခြင်းမရှိစေရန် မြေတာဘောင်များဖြင့် ကာရံတည်ဆောက်ရပါသည်။ တာဘောင်များသည် ရွှံ့စေးပါဝင်မှု နည်းပါးသဖြင့် မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ မုန်တိုင်းကျကာ မိုးများခြင်းစသည့် ရာသီဥတုဖောက်ပြန်ခြင်းများဖြစ် ပေါ်လာပါက တာဘောင်များပျက်စီးခြင်း၊ စပါးခင်းများအား ရေလွှမ်းခြင်းနှင့် ငါးရိုင်းကန်များအား ရေကျော်ခြင်းများ ဖြစ်ပေါ်လာကာ ကန်အတွင်းသို့ ဝင်ရောက်နေသော ငါးရိုင်းများ၊ ထည့်သွင်းထားသော သားပေါက်များ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြရပါသည်။

### ၂) တရားမဝင် ငါးဖမ်းနည်းစနစ်ဖြင့် ငါးဖမ်းခြင်းများ

ငါးရိုင်းမွေးမြူရေးတွင် ရင်ဆိုင်နေရသည့် ပြဿနာတစ်ခုမှာ တရားမဝင်ငါးဖမ်းဆီးနည်းစနစ်ဖြစ်သည့် ဘက်ထရီလျှော့တိုက် ငါးဖမ်းဆီးခြင်း နည်းစနစ်ဖြစ်သည်။ ၎င်းစနစ်သည် ငါးရစ်ငါးသန်ချိန် မိုးရာသီအခါ၌ ဥဆောင်ထားသောငါးမများ၊ အရွယ်ရောက်ငါးများ၊ ငါးသားပေါက်များ စသည်တို့ကို အလွန်ဆိုးကျိုးများဖြစ်စေပါသည်။ လျှပ်စစ်စက်ကွင်း တိုက်ရိုက်ထိတွေ့သော ငါးများသည် သေဆုံးခြင်းများရှိပြီး၊ မသေဆုံးနိုင်သော ငါးများသည် ကြီးထွားနှုန်းလျော့ကျခြင်း၊ မျိုးမပွားနိုင်ခြင်း စသည်တို့ကိုခံစားရသဖြင့် သဘာဝငါးသယံဇာတများကို အလွန်ပျက်စီးစေပါသည်။ နောင်တစ်ချိန်တွင် တိုင်းရင်းငါးမျိုးများ ပျောက်ကွယ်သွားသည်အထိ ဖြစ်လာနိုင်သဖြင့် ဘက်ထရီလျှော့တိုက် ငါးဖမ်းဆီးသူများကို အသိပညာပေးဟောပြောခြင်း၊ ငါးလုပ်ငန်းဥပဒေဖြင့် အရေးယူဆောင်ရွက်ခြင်းများကို မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အပြင် ကျေးရွာများတွင် သတိပေးတားမြစ်ခြင်း၊ အသိပညာပေးခြင်းစသည့် ဆိုင်းဘုတ်များ ပြုလုပ်ပြီး အများပြည်သူများ မြင်နိုင်သော နေရာများတွင် စိုက်ထူထားသင့်သည်။

### ၃) စပါးစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများ၏ ငါးရိုင်းမွေးမြူရေးအပေါ်ထိခိုက်စေမှုများ

အချို့သော စပါးစိုက်ပျိုးသည့် တောင်သူများသည် စပါးကိုဖျက်ဆီးသော အင်းဆက်ပိုးကောင်များကို ရှင်းလင်းသည့် ပိုးသတ်ဆေးများကို အသုံးပြုရာတွင် နည်းစနစ်မှန်ကန်အောင် အသုံးမပြုကြသဖြင့် ပတ်ဝန်းကျင်ကို များစွာထိခိုက် ပျက်စီးစေပါသည်။ ပိုးသတ်ဆေးသည် ပိုးများ၊ ပေါင်းများကို သေစေသည်သာမက ငှက်များ၊ ငါးများ၊ အကျိုးပြုပိုးများနှင့် အခြားမရည်ရွယ်ထားသော အပင်များကိုလည်း သေကြေပျက်စီးစေနိုင်ပါသည်။ ပိုးသတ်ဆေး အသုံးပြုသဖြင့် မြစ်ချောင်း၊ အင်း၊ အိုင်နှင့် ငါးရိုင်းကန်များတွင် ပိုးသတ်ဆေးပါသောရေများ ဝင်လာခြင်းအားဖြင့် ငါးများအပါအဝင် ရေနေသတ္တဝါများကို သေဆုံးနိုင်သည့်အပြင် ပိုးသတ်ဆေးများ ပါဝင်နေသည့် ရေနေသတ္တဝါများအား စားသုံးမိသူများကို





လည်း အန္တရာယ် ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် တောင်သူလယ်သမားများအနေဖြင့် မိမိတို့မွေးမြူထားသော ငါးရိုင်းကန်မှ ငါးများ အောင်မြင်စွာ ဖြစ်ထွန်းနိုင်ရေးအတွက် စပါးဖျက်ပိုးများကို ဆေးဖျန်းပက်ရာတွင် နားလည်တတ်ကျွမ်းသော စိုက်ပျိုးရေးပညာရှင်များနှင့် ဆက်သွယ်၍ နည်းစနစ်မှန်ကန်စွာ အသုံးပြုသင့်ကြောင်း တိုက်တွန်းလိုပါသည်။ စိုက်ပျိုးရေးကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့်လည်း စပါးဖျက်ပိုးသတ်ဆေးနှင့် ပတ်သက်သော အသိပညာပေးအစီအစဉ်များ ပြုလုပ်ပေးခြင်း၊ အသိပညာပေး ဆိုင်းဘုတ်များ တတ်ဆင်ပေးခြင်းဖြင့် ငါးရိုင်းမွေးမြူသည့် တောင်သူများကျိုး သာမက လူသားတို့၏ အာဟာရအတွက် အရေးကြီးသည့် ငါးသယံဇာတများ ရေရှည်တည်တံ့လာနိုင်မည် ဖြစ်ပါသည်။

## နိဂုံး

မုတ္တမပင်လယ်ကွေ့စီမံချက် ဧရိယာအတွင် ငါးရိုင်းမွေးမြူသူများ၊ အသေးငါးမွေးမြူရေး လုပ်ကိုင်သူများအတွက် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည့် ရေရရှိရေးမှာ မိုးရာသီကို အားကိုးနေကြရပါသည်။ ငါးရိုင်းနှင့် အသေးစားငါးမွေးမြူသူများသည် မိမိရင်ဆိုင်နေရသောအ ခက်အခဲများကို အတတ်နိုင်ဆုံး ကြိုတင်ကာကွယ်ထားကြရန် လိုအပ်သည်။ ရေကြီးရေလျှံမှုကြောင့် မွေးမြူထားသောငါးများ အဆုံးရှုံးစေရန် ကန်ဘောင်များအား မိုးရာသီမတိုင်ခင် မြှင့်တင်ခြင်း၊ နိုင်လွန်ဇာပြာများ တတ်ဆင်ခြင်း၊ ရေလျှံပိုက် (ရေထုတ်ပိုက်)များ တတ်ဆင်ခြင်းများ ပြုလုပ်ထား ရန်လိုအပ်ပါသည်။ တရားမဝင် ငါးဖမ်းနည်းစနစ်ဖြင့် ဖမ်းဆီးသူများ ဝင်ရောက်ခြင်းမပြုနိုင်ရန် စုပေါင်းကာကွယ်မှုများ ပြုလုပ်ထားရန် လိုအပ်ပါသည်။ ငါးရိုင်းမွေးမြူရေး လုပ်ကိုင်သော တောင်သူများကလည်း စပါးဖျက်ပိုးများကို ဆေးဖျန်းရန်အတွက် မှန်ကန်သော နည်းစနစ်များနှင့် သုံးစွဲနည်းများကို စိုက်ပျိုးရေးပညာရှင်များဆီမှ ရယူပြီး စနစ်တကျ ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ သို့ပါသာလျှင် မိမိတို့အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသော ငါးရိုင်းမွေးမြူရေးလုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ■

**ရေးသားပြုစုသူ** – *ကျော်သူအောင် (Fishery Officer/ GoMP)*

***ကိုးကားချက်*** – *The Farmer Myanmar မြန်မာ တောင်သူကြီးများဂျာနယ်*

# ဘုရားလေးဝိုင်ရွာ၏ ဖွံ့ဖြိုးရေးအသီးအပွင့်များ

### မုတ္တမစီမံချက်အောင်မြင်မှုအကြောင်း တစေ့တဆောင်

ဘုရားလေးဝိုင်ကျေးရွာသည် ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်အတွင်း သနပ်တန်းကျေးရွာအုပ်စု အတွင်းရှိပြီး ဝေါမြို့နယ်နှင့် ထိစပ်လျက်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ဘုရားလေးဝိုင်ကျေးရွာသည် စစ်တောင်းမြစ်နှင့် သိပ်မဝေးသော ကမ်းနားကျေးရွာတစ်ရွာဖြစ်ပြီး အသက်မွေးဝမ်းကြောင်းအနေနှင့် ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ပြီး ရွှေ့ပြောင်းလုပ်ငန်း လုပ်ကိုင်ကြသော ကျေးရွာငယ်လေးတစ်ရွာလည်း ဖြစ်ပါတယ်။ အိမ်ထောင်စုဦးရေ (၅၉) အိမ်ထောင်စုသာရှိပြီး လူဦးရေပေါင်း (၃၁၉ )ဦး နေထိုင်လျက်ရှိပါသည်။

လမ်းပန်းဆက်သွယ်ရေးအနေနှင့် သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်အကြားတွင် တည်ရှိပြီး သွားလာရခက်ခဲပြီး ကျေးရွာချင်းဆက်သွယ်ရန် ကန်သင်းလမ်းသာ ကုန်ထုတ်လမ်းဟူ၍ သီးသန့်လမ်းမရှိပေ။ မိုးရာသီတွင် သွားလာရပိုမိုခက်ခဲပြီး လှေဖြင့်သာ အဆင့်ဆင့်သွားလာရပါသည်။ ကျေးရွာမှ တခြားကျေးရွာများသို့ သွားလာရခက်ခဲပြီး စီးပွားရေး၊ ကျန်းမားရေးနှင့် ပညာရေးအတွက် ချိတ်ဆက်ဆောင်ရွက်မှုများမှာ လမ်းပန်းဆက်သွယ်ရေးကြောင့် အခက်အခဲများစွာရှိပါသည်။ အခြေခံအဆောက်အဦးအနေနှင့် မူလတန်းစာသင်ကျောင်းသာရှိပြီး ကျေးရွာမှာ မြို့နယ်အစိုးရနှင့် ဝေးကွာသော နေရာတွင်ရှိသောကြောင့် ကျောင်းဆောင်များမှာလည်း စာသင်ကြားရန် အခက်အခဲများစွာရှိပါသည်။

၂၀၁၅ ခုနှစ်မှ စတင်ပြီး မုတ္တမပင်လယ်ကွေ့စီမံချက်၏ စီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်လာပြီး ဘုရားလေးဝိုင်ကျေးရွာသည် အုပ်စုကျေးရွာနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းသာ ကျေးရွာတစ်ရွာ ဖြစ်လာပါသည်။ စီမံကိန်းမှ ကျေးရွာကော်မတီများ ဖွဲ့စည်းပြီး ကျေးရွာတွင်း အဖွဲ့အစည်းဆိုင်ရာသင်တန်းများပေးခြင်း၊ ဦးဆောင်မှုသင်တန်းများ များစွာရရှိပြီးနောက် ကျေးရွာတွင်း အမူအကျင့်များစွာ ပြောင်းလဲလာပြီး မြို့နယ်အဆင့် အစိုးရဌာနများနှင့် ဆက်သွယ်လာနိုင်ပါသည်။ အုပ်စုကျေးရွာအတွင်း ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆိုပြုလာနိုင်ပြီး ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာစာသင်ကျောင်းဆောင်များအတွက် ပြုပြင်ပြောင်းလဲခြင်းများ လုပ်ဆောင်လာနိုင်ပါသည်။ ကျေးရွာချင်းဆက်လမ်းများရရှိပြီး ကျေးရွာတွင်း စိုက်ပျိုးကုန်ထုတ်လုပ်မှုနှင့် ရေလုပ်ငန်းထုတ်ကုန်များအတွက် ဈေးကွက်များကို ပိုမိုချိတ်ဆက်လာနိုင်ခဲ့ပါသည်။ မြို့မှကုန်သည်များနှင့် တိုက်ရိုက်ချိတ်ဆက်ကာ ကျေးရွာတွင်း ကုန်ပစ္စည်းများ ရောင်းချနိုင်ခြင်းကြောင့် တောင်သူများနှင့် ရေလုပ်သားများ ဈေးကွက်ပိုမိုရရှိကာ ယခင်ထက် ဝင်ငွေပိုမိုလာရှိလာပါသည်။ ကျေးရွာတွင်း ကလေးငယ်များ၏ ပညာရေးမှာလည်း ပိုမိုကောင်းမွန်အဆင်ပြေသော စာသင်ကြားမှုများနှင့် အုပ်စုကျေးရွာ ကျောင်းများသို့ ချိတ်ဆက်ကာ ပညာသင်ယူလာနိုင်ကြပါသည်။ ကျေးရွာတွင်းမှာလည်း လှည့်ပတ်ရံပုံငွေနှင့် စုငွေများ ထူထောင်၍ ကျေးရွာတွင်း အသက်မွေးဝမ်းကြောင်းလုပ်ငန်းများစွာကို ထူထောင်ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ထိုပြင်စီမံကိန်း၏ ထောက်ပံ့မှုဖြင့် သောက်သုံးရေကန် တူးဖော်ကာ ကျေးရွာတွင်း သောက်သုံးရေလုံလောက်မှု ရရှိအောင် ဆောင်ရွက်လာနိုင်ကြပါသည်။ ကျေးရွာတွင်း တကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်များ၊ ပတ်ဝန်းကျင် သန့်ရှင်းမှုဆိုင်ရာ သင်တန်းများ ရရှိလာသောကြောင့် ကျေးရွာတွင်း တကိုယ်ရေသန့်ရှင်းမှု အလေ့အထများရှိလာပြီး အိမ်သာများ ဆောက်လုပ်လာခြင်းသည်လည်း မြင်သာသောပြောင်းလဲမှုဖြစ် လာပါသည်။

*“စီမံကိန်းမှ ပေးခဲ့တဲ့သင်တန်းတွေကြောင့် အစိုးရဌာနတွေနဲ့ ချိတ်ဆက်ရာမှာရော၊ ကျေးရွာအတွင်းမှ အစည်းအဝေးပြုလုပ်တဲ့နေရာမှာရော သတ္တိရှိလာတယ်၊ ပြောရဲဆိုရဲ ဖြစ်လာတယ်၊ ဒါကစီမံကိန်းနဲ့ ပတ်သက်ပီး ပြောင်းလဲတာ”* လို့ ဦးချစ်ထွေးနှင့် ဦးဆန်းထွန်းက သူတို့အတွေ့အကြုံကို မျှဝေထားပါသည်။

အထူးသဖြင့် ကျေးရွာတွင်း စုပေါင်းလုပ်ဆောင်မှုများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေလာပြီး ကျေးရွာတွင်းမှာ ပရဟိတအဖွဲ့များ ဖွဲ့စည်းလာနိုင်သည်။ စိတ်ပါဝင်စားလာကြသည်။ ကျေးရွာခေါင်းဆောင်များအနေနှင့် အစည်းအဝေးပွဲများ ပြုလုပ်၍ ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သော အကြောင်းအရာများ၊ သုံးသပ်ချက်များကို ဖလှယ်လာနိုင်ခြင်း၊ စုစည်းဆောင်ရွက်မှုတွေမှာ ကျေးရွာသူ၊ ကျေးရွာသားများအနေနှင့် ပူးပေါင်းပါဝင်လာမှုတွေဟာ သိသာလာတယ်လို့ မျှဝေထားပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ကျေးရွာသူ၊ ကျေးရွာသားများသည် စပါးနှင့်

ပဲတီစိမ်းကို ရာသီအလိုက် စိုက်ပျိုးကြပါသည်။ သို့သော် စိုက်ပျိုးကုန်ထုတ်လုပ်မှုအားအနေဖြင့် မကောင်းလှပေ။ စိုက်ပျိုးတောင်သူများမှာ မိရိုးဖလာစိုက်ပျိုးနည်းများကို အသုံးပြုကြပြီး အခြားသွင်းအားစုများ ထည့်သွင်းအသုံးပြုသည့် နည်းစနစ်များကို လက်လှမ်းမမီကြပေ။ စိုက်ပျိုးနည်းစနစ်တကျ အသုံးမပြုတတ်ခြင်း၊ လက်လှမ်းမမီခြင်း၊ ဒေသနှင့်ကိုက်ညီသောမျိုးများ လက်လှမ်းမမီခြင်း သွင်းအားစုများ စနစ်တကျ အသုံးမပြုတတ်ခြင်းတို့ကြောင့် ကျေးရွာ၏ စိုက်ပျိုးကုန်ထုတ်လုပ်မှုမှာ ကျဆင်းလျက်ရှိပါသည်။

သို့သော် စီမံကိန်း၏ ပံ့ပိုးမှုများကြောင့် စိုက်ပျိုးရေးကဏ္ဍအနေနှင့် ဘုရားလေးဝိုင်ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးရေးနည်းစနစ်များ အသိပညာများပေးခြင်း၊ တောင်သူကွင်းဆင်းသင်တန်းများပေးခြင်း မျိုးစေ့ဘဏ်များတည်ထောင်ခြင်း၊ မျိုးကောင်းမျိုးသန့်များဖြန့်ဝေပေးခြင်းများ ရရှိပြီး ဒေသနှင့် ကိုက်ညီသော မျိုးများ၊ စိုက်နည်းစနစ်များကြောင့် ၁ ကေလျှင် ( ၁၀ )နှုန်းခန့် အထွက်နှုန်းတိုးလာခဲ့ပါသည်။ ကျေးရွာတွင်း မျိုးစေ့ဘဏ်များဆောက်လုပ်ကာ ဒေသနှင့်ကိုက်ညီသော မျိုးစပါးနှင့် မျိုးပဲများကို ရာသီအလိုက် ထုတ်ချေးကာ စိုက်ပျိုးရေးလုပ်ငန်းအတွက် သွင်းအားစုများ ပံ့ပိုးမှုများကို လုပ်ဆောင်လာနိုင်ပါသည်။

ဦးချစ်ထွေးကမူ *"တောင်သူကွင်းဆင်းသင်တန်းများမှ စိုက်ပုံစိုက်နည်း၊ ကျဲပုံကျဲနည်း မျိုးစေ့မှအစ ဝဲကျွေးပုံကျွေးနည်း တွေသိလာတယ်၊ အရင်က ကိုယ့်လယ်ကစပါးကိုဘဲ မျိုးပြန်စိုက်တယ် အခုတော့ စီမံကိန်းက မျိုးစေ့နဲ့မျိုးစံ ခွဲခြားနည်းတွေ သင်ပြတယ်၊ မျိုးကောင်းဖြန့်တယ်၊ မျိုးစေ့ဘဏ် ဆောက်ပီး မျိုးကောင်းတွေ သိုလှောင်ထားနိုင်တဲ့အတွက် လယ်အထွက်နှုန်းတွေ တိုးလာကြတယ်"* လို့ပြောခဲ့ပါသည်။

တောင်သူကွင်းဆင်း သင်တန်းများကြောင့် ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍ သက်ရောက်များကိုပါ စိတ်ပါဝင်စားလာသူများရှိလာပြီး စိုက်ပျိုးရေးသွင်းအားစုများ၏ နောက်ဆက်တွဲ သက်ရောက်မှုဖြစ်သော စွန့်ပစ်ပစ္စည်းများ စနစ်တကျ မစွန့်ပစ်မှုများကြောင့် ကျေးရွာတွင်း ရေလုပ်ငန်း၏ ငါးသယံဇာတများ၊ အပင်ပေါက်ရောက်များကိုပါ လေ့လာနိုင်ပြီး ကျေးရွာတွင်း အပြန်အလှန် အသိပညာများဖလှယ်လာနိုင်ပါသည်။ အစိုးရစိုက်ပျိုးရေးဌာနများမှ မျိုးသန့်များ ချိတ်ဆက်ဝယ်ယူလာနိုင်ကာ စပါးမျိုးသန့်စိုက်ပျိုးခြင်း အလေ့အထများ မွေးမြူလာခြင်း၊ ဈေးကွက်ချိတ်ဆက်မှုများ ရရှိလာခြင်းနှင့် မြို့နယ်ရှိ စီမံကိန်းဝင်ကျေးရွာများနှင့် ပူးပေါင်း၍ ကမ်းရိုးတန်းဒေသ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များတွင် ပါဝင်လာနိုင်ပြီး ကျေးရွာမှ တောင်သူများအား စီးပွားရေးဈေးကွက်များ ဖော်ဆောင်လာနိုင်ပြီး တောင်သူများ၏ ဝင်ငွေများ ပိုမိုရလာခဲ့ပါသည်။

ဘုရားလေးကျေးရွာ၏ ရေလုပ်ငန်းသည် ငါးရိုင်းကန် မွေးမြူရေးကို အဓိကထားလုပ်ကိုင်ပြီး ပင်လယ်ထွက် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူမရှိသလောက် နည်းပါးပြီး ဒေသတွင်းငါးဖမ်းလုပ်ငန်း လုပ်ကိုင်လျက် ရှိကြပါသည်။ ဘုရားလေးဝိုင်ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သူတိုင်းသည် ရေအသုံးပြုရန်အတွက် ကန်များတူးဖော်ထားကြပြီး ထိုကန်အား မိုးရာသီတွင် ငါးရိုင်းသွင်းခြင်းအားဖြင့် မိရိုးဖလာငါးရိုင်းကန်လုပ်ငန်း လုပ်ကိုင်ကြပါသည်။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများမှာလည်း လုပ်ဖက်ကရိယာ မပြည့်စုံခြင်း၊ မိရိုးဖလာနည်းများ အသုံးပြုခြင်း၊ ဈေးကွက်မရှိခြင်း၊ လက်လှမ်းမမီခြင်းနှင့် စနစ်တကျမွေးမြူနည်းစနစ်များ မသိရှိခြင်းတို့ကြောင့် ကျေးရွာ၏ ရေလုပ်ငန်းအသက်မွေးဝမ်းကြောင်းမှာ အားရဖွယ်မရှိပေ။

စီမံကိန်း၏ ပံ့ပိုးမှုဖြင့် ငါးရိုင်းကန်လုပ်ငန်းများအား အဆင့်မြှင့်တင်ပံ့ပိုးခြင်း၊ အခြေခံငါးမွေးမြူရေးသင်တန်းများပေးခြင်း၊ ငါးများစနစ်တကျကိုင်တွယ် ထိန်းသိမ်းခြင်းနှင့် ငါးတန်ဖိုးကွင်းဆက်များ၊ ငါးလုပ်ငန်းတန်ဖိုး အဆင့်မြှင့်တင်ခြင်းများစသည့် အသိပညာများ ရရှိလာပြီး ကျေးရွာအတွင်းတွင် စီမံကိန်း၏ ပံ့ပိုးမှုဖြင့် ငါးနှင့် စပါးစမ်းသပ်မွေးမြူရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ လုပ်ဆောင်လာပြီး ငါးမွေးမြူခြင်းဆိုင်ရာ နည်းစနစ်များ၊ အသိပညာများရရှိကာ ဝင်ငွေများတိုးလာပါသည်။ ထို့ပြင် မြို့နယ်အဆင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်ကာ ငါးသားပေါက်များဝယ်ယူခြင်း၊ ငါးမျိုးစိတ်များ ထည့်သွင်းမွေးမြူသည့် အလေ့အကျင့်များ ရရှိလာပါသည်။

ငါးစပါး စမ်းသပ်လုပ်ကိုင်သူ ဦးဆန်းထွန်း မှ *"ငါးစပါးလုပ်ငန်းက ကျေးရွာနဲ့ကိုက်ညီတယ် စစချင်း တစ်နှစ်က စမ်းသပ်လုပ်ငန်းမို့ ရှုံးခဲ့တယ် ဒါပေမဲ့ နောက်နှစ်က တော်တော်လေး ဝင်ငွေတိုးလာတယ် ကျတော် လယ်(၃)ကေက ပျှမ်းမျှတစ်နှစ် သုံးသိန်းခန့်ရတယ်ဆို*

*ရင် ငါးစပါးပဲနဲ့ တွဲလုပ်ရင်တစ်နှစ်ကို နှစ်ဆ ခြောက် သိန်းရတယ်ဆိုတော့ တော်တော်လေးကိုက်တယ်"* လို့ အောင်မြင်မှုကို မျှဝေခဲ့ပါသည်။

လက်ရှိတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာသူ/သားများ ပူးပေါင်းဆောင်ရွက်မှု အား ကောင်းစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို စီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်၍ ကျေးရွာ၏ လိုအပ် ချက်များအပေါ် ဖြေရှင်းဆောင်ရွက်ရင်း အသီးအပွင့်များ ဝေဆာအောင် စွမ်းဆောင်လျက် ရှိနေပါသည်။ ■

***ရေးသားသူ** – မြတ်ရည်မွန် (Community Facilitator & Monitor/ GoMP)*

---

# စုပေါင်းစီမံခန့်ခွဲမှုဖြင့် ငါးသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ခြင်း

မုတ္တမပင်လယ်ကွေ့ဒေသသည် ငါးသယံဇာတ လွှမ်းစွာပေါကြွယ်ဝပြီး မြန်မာနိုင်ငံ၏ (၄) ခုမြောက် ရမ်ဆာရေဝပ်ဒေသအဖြစ် (၂၀၁၇)ခုနှစ်တွင် သတ်မှတ် ခဲ့ပြီး (၂၀၂၀) ခုနှစ်တွင် ထပ်မံတိုးချဲ့ကာ သယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင် ရွက်လာခဲ့သည်။ သို့သော်လည်း လူသားတို့၏ အစွန်း ရောက်ကိုယ်ကျိုးစီးပွါးရှာခြင်းကြောင့် ထိုဒေသ၏ ငါး သယံဇာတများ ပျက်စီးဆုံးရှုံးရမည့် အခြေအနေနှင့် ရင်ဆိုင်နေရပါသည်။ ထိုအခြေအနေများကို ဖြေရှင်း နိုင်ရန်အတွက် မွန်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မွန် ပြည်နယ်ငါလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရေလုပ်သားဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မုတ္တမပင်လယ်ကွေ့အတွင်း ကင်းလှည့်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ပုံမှန်ဆောင်ရွက်လျှက်ရှိပါသည်။

ကင်းလှည့်စစ်ဆေးခြင်း၏ အဓိက ရည်ရွယ် ချက်မှာ မုတ္တမပင်လယ်ကွေ့အတွင်းရှိ ရေလုပ်သားများ သည် စုပေါင်းစီမံခန့်ခွဲခြင်းဖြင့် တရားမဝင် ငါးဖမ်း ပိုက်များကြောင့် ငါးသယံဇာတများ လျော့နည်းလာ ခြင်းမှ ကာကွယ်ရန် ဖြစ်သည်။ ကင်းလှည့်စစ်ဆေး ခြင်း လုပ်ငန်းကို (၂၀၁၈) ခုနှစ်မှ စတင်ဆောင်ရွက် ခဲ့ပြီး ယနေ့တိုင်ပင် ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ပါ သည်။

မုတ္တမပင်လယ်ကွေ့အတွင်း ကင်းလှည့်စစ်ဆေး သည့် ပူးပေါင်းအဖွဲ့သည် ပြီးခဲ့သည့် အောက်တိုဘာလ ၂၀၂၂ တွင် ဘီးလင်းမြို့နယ်အပိုင် ငါးဖမ်းဧရိယာရေပြင် အတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာမှာ တစ်လက်မအောက် တရားမဝင်ငါးဖမ်းပိုက်(ဒေသအခေါ် သံဇကာပိုက်)များ ကို အသုံးပြုနေသည့် ရေလုပ်သားပိုင်ရှင်အပါအဝင် စုစု ပေါင်း(၁၂) ဦးအား လှေနှစ်စီးသက်သေခံပစ္စည်းများနှင့် အတူ အနိုင်သောင်တွင် ဖမ်းဆီးရမိခဲ့သည်။ နှစ်မိုင် (၁၀၈၀၀) ပေခန့် ရှည်လျားသည့် သံဇကာပိုက်ကို လည်း သိမ်းဆည်းခဲ့သည်။

တရားမဝင်သံဇကာပိုက် အသုံးပြုသောရေလုပ် သားများသည် နိုင်ငံရေးမတည်ငြိမ်မှုနှင့် ကိုဗစ်ရောဂါ ဖြစ်ပွါးနေသည့် ကာလအတွင်း ကင်းလှည့်စစ်ဆေးခြင်း လုပ်ငန်းမလုပ်ဆောင်နိုင်သည့် အခြေအနေကို အခွင့် ကောင်းယူကာ တရားမဝင်သံဇကာပိုက်များကို ပိုမိုအ သုံးပြုလာကြသည်။ မျှောပိုက်အသုံးပြုသည့် ဒေသခံ ရေလုပ်သားငယ်များ၏ ပြောပြချက်အရ *"သံဇကာပိုက် နဲ့သုံးပြီး ငါးဖမ်းတဲ့သူတွေက လူငှားအလုပ်သမားများ တယ်၊ သူတို့ပိုက်တန်းတွေနား ငါးလာဖမ်းရင် မောင်း ထုတ်တယ် ပြီးတော့ ကျနော်တို့ မျှောပိုက်တွေကသူတို့ ထောင်ထားတဲ့ ပိုက်တိုင်တွေနဲ့ ငြိတဲ့အခါ ပြတ်ကျကုန် တယ် ဒါကြောင့် သူတို့အနားမှာ ဘယ်သူမှသွားမဖမ်း ကြဘူး ပြီးတော့သူတို့ အဲ့လိုနေရာယူ ဖမ်းလိုက်ရင် အဲ့ အနားမှာ အနည်းဆုံး ရေလုပ်သားငယ် (၂၀) လောက် က ငါးဖမ်းလို့မရတော့ဘူး အရမ်းနစ်နာတာပေါ့"* ဟု ပြောပြခဲ့သည်။

တရားမဝင် တစ်လက်မအောက် သံဇကာပိုက် များကို အသုံးပြုသူတို့မှာ ကျိုက်ထိုမြို့မှ အများဆုံးဖြစ် သည်။ *"သံဇကာပိုက်တွေကို အများဆုံး သုံးတာက ကျိုက်ထိုမြို့ပေါ်ရပ်ကွက် တောင်ပိုင်းနဲ့ ကုံကော်ရပ် ကွက်က ရေလုပ်သားတွေများတယ် သူတို့အဲ့လိုတွေ ဖမ်းနေကြလို့ တစ်ခြားရေလုပ်သားငယ်တွေ အများကြီး*



*မုတ္တမပင်လယ်ကွေ့ဒေသတွင်း ကင်းလှည့်အဖွဲ့မှ ဖမ်းဆီးခဲ့သော တရားမဝင်ငါးဖမ်းပိုက်များ သိမ်းဆည်းနေစဥ် Photo © Min Nyan Seik/GoMP*

*နစ်နာနေရတာပေ့ါ သူတို့ကငွေကြေးလည်း ပြည့်စုံတယ် လူငှားလုပ်သားလည်းများတော့ အဖွဲ့တောင့်တယ် လုပ်ချင်သလို တွေလုပ်နေကြတာ အခု ကင်းလှည့်အဖွဲ့ လာလို့ သူတို့ပစ္စည်းတွေကို ဖမ်းပြီးမီးရှို့ လိုက်လည်း သူတို့က မမှုဘူး။ နောက်ပိုင်းမှာ အသစ်တစ်စုံထပ်မှာ ထားပြီးပြီ တစ်ကယ် ငါးအထိအမိကောင်းရင် တစ်ရေ တည်းနဲ့ အရင်းကြေတယ်လေ အဲ့တော့ သူတို့ ဒီလုပ်ငန်း ကိုပဲ ဆက်လုပ်မှာပေ့ါ”* ဟု မွန်ပြည်နယ် ငါးလုပ်ငန်း အဖွဲ့ချုပ် ဒုဥက္ကဌ ဦးခင်မောင်ရီမှ သူ၏ လေ့လာတွေ့ရှိ မှုကို ပြန်လည်ပြောပြခဲ့သည်။

သံဇကာပိုက်များ အသုံးပြုဖမ်းဆီးခြင်းကြောင့် ငါးသယံဇာတများ အလျင်အမြန်လျော့နည်းလာပြီး ဒေသခံ ရေလုပ်သားတို့၏ မိသားစု စားဝတ်နေရေးကို လည်း များစွာထိခိုက်နစ်နာမှုများ ဖြစ်စေပါသည်။ *“ငါး ဖမ်းလုပ်ငန်း လုပ်ကိုင်တာ (၁၀)နှစ်ကျော်ရှိပြီ။ အရင် (၂၀၁၈-၁၉) ခုနှစ်လောက်က ငါးအရများသေးတယ်။ ဒီနှစ်မှာတော့ လုံးဝမရတော့ဘူး။ သံဇကာပိုက်တွေ အသုံးများလာလို့ ငါးမရတော့တာ။ သံဇကာပိုက်သုံးတဲ့ သူတွေက လူငှားများများသုံးတော့ သူတို့နဲ့တွေ့လည်း ဘာမှမပြောရဲဘူးလေ။ အရင်ကသံဇကာပိုက်သုံးတဲ့သူ တွေကို စစ်ဆေးဖမ်းဆီးတာတွေလုပ်တော့ သူတို့နဲနဲ လျော့သွားသေးတယ်။ အခုတော့ ပြန်သုံးလာကြပြန်ပြီ။ သံဇကာပိုက်သုံးပြီးဖမ်းတော့ ငါးသေးသေးလေးတွေက အစ သောင်ပေါ်တင်တဲ့ ငါးအားလုံးမိတယ်။ ငါးကြီးတွေ ကိုရောင်းတယ်။ ငါးသေးလေးတွေကို ငါးပိလုပ်တယ်။ သံဇကာပိုက်မရှိအောင် သက်ဆိုင်ရာ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးသင့်တယ်လို့”* ကိုးတဲ့စုကျေးရွာမှ မျှောပိုက်ဖြင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောပြပါတယ်။

အကယ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများက ထို သံဇကာပိုက် အသုံးပြုသူများကို ထိရောက်စွာဖမ်းဆီး အရေးယူခြင်း မပြုလုပ်ပါက မုတ္တမပင်လယ်ကွေ့အတွင်း ငါးသယံဇာတ ပြုန်းတီးမှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ ရမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာပါက ဒေသခံရေလုပ်သားများ၏ စားဝတ်နေရေးကိုထိခိုက်ရုံမျှ မက အလုပ်အကိုင်ရှားပါးမှု ပြဿနာများနှင့်လည်း ရင် ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးခြင်းသည် သဘာဝအရင်းအမြစ်များအပေါ် တွင်သာမက လူသားတို့အပေါ် အထူးသဖြင့် ကမ်းရိုး တန်းတစ်လျှောက် ရေလုပ်ငန်းကို မှီခိုအသက်မွေးဝမ်း ကြောင်းပြုသူများ ကြီးမားစွာ ထိခိုက်နစ်နာမှု ဖြစ်စေပါ သည်။ ထို့ကြောင့် မုတ္တမပင်လယ်ကွေ့ဒေသတွင်းရှိ ငါး သယံဇာတများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် ကျွန်တော်တို့အားလုံး၏ တာဝန် ပင်ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် ရေးသား တင်ပြအပ် ပါသည်။ ■

*ရေးသားပြုစုသူ – Zin Min Tun, Knowledge Management and Communication Assistant /GoMP*